အစည်းအဝေးမှတ်တမ်း (၂၂. ၀၇. ၂၀၁၇)

| အစည်းအဝေးအစီအစဉ် | | | | |
|---|---|---|---|---|
| စီမံကိန်း | ရွှေတောင်ဘီလပ်မြေစက်ရုံ နှင့် ၄င်း၏ဆက်စပ်လုပ်ငန်းများအတွက် ESIA ဖြည့်စွက်ချက်။ | | | |
| အစည်းအဝေးနေရာ | အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်း အစည်းအဝေးခန်းမ | | မြို့နယ်။ ပြည်နယ် | မန္တလေးတိုင်းဒေသကြီး |
| | မြို့နယ် | သာစည် | ကျေးရွာ | ပြည်ညောင် |
| ရည်ရွယ်ချက်များ | ကျေးရွာအဆင့်အစည်းအဝေး<br>၁။ရွှေတောင်ဘီလပ်မြေကုမ္ပဏီမှ ဘီလပ်မြေစက်ရုံတိုးချဲ့ခြင်းနှင့် ၄င်း၏ ဆက်စပ်လုပ်ငန်းများဆိုင်ရာ စီမံကိန်းသတင်းအချက်အလက်များမျှဝေခြင်း။<br>၂။ ESIA ဖြည့်စွက်ချက် မူကြမ်းနှင့် ဆက်စပ်၍ တွေ့ရှိချက်များအားတင်ပြခြင်း။<br>၃။ စီမံကိန်းနှင့် ဆက်စပ်၍ ထိခိုက်သက်ရောက်မှုရှိသူများ နှင့် စိတ်ပါဝင်စားသူများ၏ ထင်မြင်ယူဆချက်များအား ESIA ဖြည့်စွက်ချက် အစီရင်ခံစာတွင်ထည့်သွင်းနိုင်ရန်။ | | | |
| ရက်စွဲ | ၂၂-၀၇-၂၀၁၇ (စနေနေ့) | | | |
| အချိန် | နေ့လည် (၂း၄၅) နာရီ မှ ညနေ (၅း၃၀) နာရီ | | | |
| တက်ရောက်သူများ | ၁။ ဦးအောင်ဇော်နိုင်, CEO, STG<br>၂။ ဦးကျော်နိုင်စိုး, DMD, STC<br>၃။ ဒေါ်နန်းမော်မော်အေး, AD, STC<br>၄။ ဦးဇေလွမ်း , SE, STC<br>၅။ ဦးရဲမြင့်, SE, STC<br>၆။ ဦးသိန်းမြင့်ဝင်း, Senior Manager, STC<br>၇။ ဦးအောင်ခိုင်ညီ, EE,STG<br>၈။ ဦးသိန်းငွေ , EE,STC<br>၉။ ဦးစန်းမြိုင်, Manager, STC<br>၁၀။ ဦးကျော်သီဟ, HSE Manager, STC<br>၁၁။ ဦးဇော်တင့်, Production Manager, STC<br>၁၂။ ဦးကျော်ဝင်းသန့်, Assistant Manager, STC<br>၁၃။ ဒေါ်နီနီအောင် Staff-2,STC<br>၁၄။ဒေါ်မြတ်မွန်ဆွေ, Senior Consultant, ERM<br><br>အစိုးရတာဝန်ရှိသူများ (၉)<br>NGO တာဝန်ရှိသူများ (၄)<br>နိုင်ငံရေးပါတီကိုယ်စားလှယ်များ (၆)<br>ပြည်သူများ (၁၂၀)<br>စုစုပေါင်းတက်ရောက်သူ = ၁၅၃ ယောက် | | | |

| | |
|---|---|
| အစီအစဉ် | ၁။ရွှေတောင်ဘိလပ်မြေကုမ္ပဏီကိုယ်စားဦးကျော်နိုင်စိုးမှစီမံကိန်းအသေးစိတ်ကိုတင်ပြခြင်း။ နေ့လည် (၂း၄၅) နာရီ မှ (၃း၃၀)နာရီ<br>၂။ERM ကိုယ်စား ဒေါ်မြတ်မွန်ဆွေမှပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်မှုဆန်းစစ်ချက်များကို တင်ပြခြင်း။ နေ့လည် (၃း၃၀) နာရီ မှ (၄း၂၀)နာရီ<br>၃။အမေးအဖြေကဏ္ဍ။ (အောက်ပါအသေးစိတ်ဆွေးနွေးမှုမှတ်တမ်းများကိုကြည့်ပါ) ညနေ (၄း၂၀) နာရီ မှ (၅း၃၀)နာရီ |
| ဆွေးနွေးချက်များ | |

**မေးခွန်း (၁) - ပြည်ညောင်ရွာသား**

၁။ ESIA ဖြည့်စွက်ချက် အတွက် ဤလူထုဆွေးနွေးပွဲကို ကျင်းပပေးတဲ့အတွက်၊ ကြိုးစားအားထုတ်ပြီး ပွဲဖြစ်မြောက်ရန် စုစည်းပေးတဲ့အတွက် STC နဲ့ ERM ကို ကျေးဇူးတင်ပါသည်။

၂။ ထိခိုက်မှုရှိသူများရဲ့ တိုင်ကြားမှုများကို STC အနေနဲ့ အလေးထားစဉ်းစားပေးတာကို ကျေနပ်ပါတယ်။

၃။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ဘိလပ်မြေထုတ်လုပ်မှုလိုအပ်တာကို သိရှိနားလည်ပါတယ်။

၄။ STC အနေနဲ့ ပြည်ညောင်ရွာသားများကို အလုပ်အကိုင်အခွင့်အလမ်းများတိုးမြင့်ပေးပြီး စက်ရုံမှာခန့်ထားပေးဖို့ ပြောလိုပါတယ်။

**အဖြေ (၁) - ဦးကျော်နိုင်စိုး STC**

၁။ ကျွန်တော်တို့ကို ကြိုဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ ကတိများအတိုင်း အလေးထား ဆောင်ရွက်သွားမှာပါ။

၂။ စက်ရုံပတ်ဝန်းကျင်ရှိရွာများမှ ရွာသားများကို အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန်မှာ STC ရဲ့ အဓိက ဦးစားပေး ဖြစ်ပါတယ်။ ဒါပေမယ့် စက်ရုံရဲ့ အလုပ်အကိုင် လိုအပ်ချက်အရ တက္ကသိုလ်ဘွဲ့ရ၊ (သို့) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင် ရမှာ ဖြစ်ပြီး အလုပ်အကိုင်နဲ့ ဆက်စပ်တဲ့ တတ်မြောက်ကျွမ်းကျင်မှုများ လိုအပ်ပါတယ်။

၃။ ပြည်ညောင်ကျေးရွာဟာ မြို့နဲ့ဝေးကွာခြင်း၊ ပညာရေးကဏ္ဍအနေနဲ့ အချိန်ကြာမြင့်စွာ အဓိက ဦးစားပေးထားရှိမှုတွင် မပါဝင်ခြင်း တို့ကြောင့် ပြည်ညောင်ရွာသားအများစုဟာ စက်ရုံရဲ့ အလုပ်အကိုင်ခန့်ထားရေးဆိုင်ရာ ပညာရေးသတ်မှတ်ချက်ကို ပြည့်မှီမှု မရှိတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့နှစ်က STC က အထက်တန်းကျောင်း ဆောက်လုပ်ပေးခဲ့တဲ့အတွက် ပြည်ညောင်ရှိ ကျောင်းသားများ အထက်တန်းပညာ ဆက်လက်သင်ကြားနေနိုင်ပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့ ကျောင်းသားများအားလုံး အဆင့်မြင့်ပညာရေးအတွက် မိတ္ထီလာကို သွားရပါတယ်။ လူငယ်များအနေနဲ့ အဆင့်မြင့်ပညာကို ဆက်လက်သင်ယူ လိုစေလိုတဲ့အတွက် STC မှာ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ရုံနဲ့ အလုပ်ဝင်ရောက်လုပ်ကိုင်ခြင်းကို ကန့်သတ်ထား ရှိပါတယ်။ မိမိတို့ သားသမီးများ၊ ကျောင်းသားများ ကိုပညာတတ်ဘွဲ့ရဖြစ်ရန် တိုက်တွန်းပေးကြပါ လို့ ပြည်ညောင်ရှိ မိဘများကိုတောင်းဆိုချင်ပါတယ်။ အကယ်၍ ကျောင်းသားများ အနေဖြင့် ပညာဆက်လက်ဆည်းပူးရန် အခက်အခဲရှိပါက STC အနေနဲ့ ပညာရေးထောက်ပံ့ကြေးများ စီစဉ်ပေးအပ်သွားမှာ ဖြစ်ပါတယ်။ အုတ်ကျင်း၊ မုံပင်၊ ရေပေါင်းဆုံ၊ ကူပြင့်၊ ပြည်ညောင် နဲ့ ကျောက်ဆောင်ကြီးကျေးရွာရှိ ဘွဲ့ရမဟုတ်သောသူများကို အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးကျောင်းမှာ စက်ပစ္စည်း ဆိုင်ရာကျွမ်းကျင်ပညာရပ်များကို သင်ကြားစေပြီး စက်ရုံမှာ အလုပ်ခန့်အပ်ထားရှိဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ STC အနေနဲ့ အခြားဒေသများကထက် စက်ရုံပတ်ဝန်းကျင်ရှိရွာများမှ ရွာသားများကိုသာ ပိုမို အလုပ်ခန့်ထားချင်တဲ့အတွက် နောင်ဖြစ်ပေါ်လာမယ့် အလုပ်အကိုင်အခွင့်အလမ်းတွေကိုလည်း ရွာသားများသိရှိအောင် အသိပေးလုပ်ဆောင်သွားမှာပါ။

**မေးခွန်း (၂) ရွာသား**

၁။ စက်ရုံမှ စွန့်ထုတ်လိုက်တဲ့ စွန့်ပစ်ပစ္စည်းများဟာ ရပ်ရွာလူထုရဲ့ ကျန်းမာရေးကို မည်ကဲ့သို့ ထိခိုက်နိုင်ပါသလဲ။

၂။ လေထုညစ်ညမ်းမှုများကိုမည်ကဲ့သို့ စီမံဆောင်ရွက် နေပါသလဲ။ ဘိလပ်မြေစက်ရုံမှ ထွက်ရှိလာတဲ့ လေထုညစ်ညမ်းမှုများနဲ့ ပက်သက်ပြီး သတင်းအချက်အလက်များ ထုတ်ပြန်အသိပေးခြင်းကို မည်ကဲ့သို့ ဆောင်ရွက်နေပါသလဲ။

၃။ ပတ်ဝန်းကျင်စောင့်ကြည့်ခြင်းအစီအစဉ်များကို အမြဲဆောင်ရွက်ပြီး အချက်အလက်များကို စက်ရုံပတ်ဝန်းကျင်ရွာများသို့ အသိပေးအကြောင်းကြားသင့်ပါတယ်။

၄။ စာကြည့်တိုက်ကို ဦးစားပေး ဆောက်လုပ်ပေးဖို့ STC ကို တောင်းဆိုပါသည်။ ဒီအချက်ဟာ ပြည်ညောင်ရွာသားများ နှစ်ရှည်လများ တောင့်တနေတဲ့အရာဖြစ်ပြီး ရွာအနေနဲ့ ဆောက်လုပ်ရန် မတတ်နိုင်တာကြောင့်ဖြစ်ပါတယ်။

၃။ STCမှ ရေပံ့ပိုးပေးရန် ရွာသားများကိုယ်စားတောင်းဆိုပါတယ်။

**အဖြေ (၂) - ဦးကျော်နိုင်စိုး**

၁။ သတင်းအချက်အလက်ဌာနဟာ ရွာရဲ့အချက်အချာကျတဲ့နေရာမှာ ရှိသင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရပ်ရွာခေါင်းဆောင်များနဲ့ တိုင်ပင်ဆွေးနွေးပြီး မြေငှားရမ်းလို့ရတဲ့နေရာမှာ တည်ထောင်ထားရှိမှာ ဖြစ်ပါတယ်။

၂။ လေထုညစ်ညမ်းမှုကို ထိန်းချုပ်ရန်အတွက် အစိုးအငွေ့ထုတ်လွှတ်မှု စံချိန်၊ စံညွှန်းများအတိုင်း လိုက်နာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် လေထုညစ်ညမ်းမှုဖြစ်ပေါ်ပါက စက်ရုံရှိ STC ဝန်ထမ်းများအနေနဲ့ အရင်ဦးဆုံး ခံစားရမှာဖြစ်ပြီး ဝန်ထမ်းများ ကျန်းမာရေးချို့တဲ့ပါက ဘိလပ်မြေထုတ်လုပ်မှုနှုန်းလည်း ကျဆင်းသွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာ ဖုန်မှုန့်တိုင်းတာတဲ့ ကိရိယာတွေကို ပြည်ညောင်နဲ့ကူပြင်မှာ (၄)ခု၊ စက်ရုံမှာ (၆)ခု စုစုပေါင်း (၁၀)ခု တပ်ဆင်ပြီးဖြစ်ပါတယ်။ ပြည်ညောင်ကျေးရွာရှိ GAD အရာရှိအိမ်တွင် (၁)ခု၊ NLD ဥက္ကဋ္ဌအိမ်တွင် (၁)ခု တပ်ဆင်ထားပါတယ်။ ဆက်လက်ပြီး ပြည်ညောင်နဲ့ စက်ရုံကြားနေရာတွင်မှာလည်း ဖုန်မှုန့်တိုင်းကိရိယာများ ထပ်မံတပ်ဆင်သွားမှာ ဖြစ်ပါတယ်။

၃။ STC အနေနဲ့ ESIA မှာ ထည့်သွင်းဖော်ပြရန်အတွက် ပတ်ဝန်းကျင်လေ့လာမှုများ ပြုလုပ်နေပြီး အကယ်၍ လေထုညစ်ညမ်းမှုရှိခဲ့ပါက STC စက်ရုံမှဖြစ်သည် (သို့မဟုတ်) အခြားတနေရာမှဖြစ်သည် စသည်ဖြင့် သိရှိနိုင်အောင် လေ့လာမှုတွေ ပြုလုပ် ဆောင်ရွက်နေပါတယ်။ အဆိုပါ လေ့လာမှုတွေပေါ်အခြေခံပြီး STC မှ ဖြစ်ပေါ်စေတဲ့ ထိခိုက်မှုများနဲ့ အခြားသောနေရာမှဖြစ်စေတဲ့ ထိခိုက်မှုများကို မည့်သို့လျှော့ချမယ်ဆိုတာကို စဉ်းစားဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ဖုန်မှုန့်တိုင်းကိရိယာများကို တပ်ဆင်ထားတာမှာ (၆)လခန့် ရှိပြီဖြစ်ပြီး ရလဒ်များကို မကြာမီ အသိပေးသွားမှာ ဖြစ်ပါတယ်။

၄။ ဖုန်မှုန့်မှဖြစ်တဲ့ လေထုညစ်ညမ်းမှုကို $PM_{2.5}$ နဲ့ $PM_{10}$ ဟုခေါ်တဲ့ ကိန်းဂဏန်းများနဲ့ ဖော်ပြပါတယ်။ $PM_{2.5}$ ဆိုတာ ရှူရှိုက်မိလျှင် ကျန်းမာရေးထိခိုက်စေနိုင်တဲ့ အလွန်သေးငယ်တဲ့အမှုန်များကို တိုင်းတာတဲ့ ကိန်းဂဏန်းဖြစ်သည်။ အဆိုပါ အချက်အလက်နဲ့ပတ်သက်တဲ့ အကြောင်းအရာ၊ ရှင်းလင်းတင်ပြမှုများကို လက်ကမ်းစာစောင်များမှာ ထည့်သွင်းဖော်ပြပြီး သတင်းအချက်အလက်ဌာနတွင် လည်းကောင်း၊ ပြည်သူများသို့ တိုက်ရိုက်အားဖြင့်သော်လည်းကောင်း အသိပေး ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။

၅။ STC အနေနဲ့ မြစ်သာချောင်းမှ ရေသွယ်တန်းရန်အတွက် လေ့လာမှုပြုမှာဖြစ်ပြီး ကျေးရွာများသို့ ပိုက်လိုင်းဖြင့် ရေဖြန့်ဝေပေးသွားမှာပါ။ ရပ်ရွာမှတတပ်တအားပါဝင်စေရန်အလို့ငှာ ရေဖြန့်ဝေခြင်း ပြုပြင်ထိန်းသိမ်း စရိတ်ကို သုံးစွဲသူသက်ဆိုင်ရာရွာသားများမှ ပေးချေကျခံပေးဖို့ စီစဉ်ဆောင်ရွက်သွားမှာပါ။ ဒါကြောင့် STC အနေနဲ့ စက်ရုံစီမံကိန်းအသစ်အတွက်ရေသွယ်ယူမှုနှင့်အတူ ပြည်ညောင်ကျေးရွာသို့ ရေဖြန့်ဝေပေးမှာဖြစ်ကြောင်း ကတိပြုပါသည်။

၆။ မြစ်သာချောင်းနဲ့ သာလွန်ချောင်းများရဲ့ ရေအရည်အသွေးကို ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ပြီး ရလဒ်များကို သတင်းအချက်အလက်ဌာနမှာ ထားရှိအသိပေးသွားမှာ ဖြစ်ပါတယ်။

**မေးခွန်း (၃) - ကားပြည်ညောင်ရွာသား**

၁။ STC နဲ့ ERM ကို ကျေးဇူးတင်ပါတယ်။ ရွာသားများအားလုံးအနေနဲ့ STC ရဲ့ လက်ရှိနဲ့ အသစ်ခေတ်အားလိုင်းလုပ်ဆောင်မှုအတွက် မကျေနပ်မှုများမရှိပါ။ STC မှ နှစ်ထပ်ကျောင်းဆောင်လှူဒါန်းပေးခြင်း၊ ပညာရေးအတွက် လိုအပ်တဲ့ပစ္စည်းများဖြစ်တဲ့ ကျောင်းသုံး လွယ်အိတ်၊ စာအုပ်၊ စာရေးကိရိယာများကို ၂၀၁၃ မှစတင်၍ ပြည်ညောင်ကျေးရွာတွင် လှူဒါန်းပေးခြင်းနဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်းအတွက် မိဘများအနေနဲ့ ကျေးဇူးတင်ပါတယ်။

၂။ မြစ်သာချောင်းဟာ တစ်နှစ်ပတ်လုံးရေရရှိနိုင်ပြီး ရပ်ရွာ၏ အဓိကရေအရင်းအမြစ်လည်းဖြစ်ပါတယ်။ ရေရှင်ချောင်းမှာ မိုးရာသီမှသာ ရေရရှိနိုင်ပါတယ်။ စီမံကိန်းအသစ်အနေနဲ့ မြစ်သာချောင်းမှရေကို ထုတ်ယူသုံးစွဲမှာ ဖြစ်သောကြောင့် ရပ်ရွာအတွက် ရေလုံလောက်မှုမရှိမှာကို စိုးရိမ်ပါတယ်။

၃။လေထုညစ်ညမ်းမှု - စီမံကိန်းမှထွက်တဲ့ ဖုန်မှုန့်များအတွက် စိုးရိမ်ပူပန်ခြင်းမရှိပါ။ ဒါပေမယ့် သက်ဆိုင်ရာဌာနများ ၊ NGO များအနေနဲ့ ရွာသားများကိုယ်စား ဖုန်မှုန့်နဲ့ပတ်သက်တဲ့ ကျန်းမာရေးထိခိုက်မှုများကို စဉ်းစားပေးသင့်ပါတယ်။ ရွာသားများအနေနဲ့ ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းနဲ့ ၎င်းနဲ့ပတ်သက်ပြီးဖြစ်ပေါ်လာနိုင်တဲ့ ထိခိုက်မှုများ ကို နားလည်ရန် ခက်ခဲသောကြောင့်ဖြစ်ပါတယ်။

၄။ လူနေမှုဘဝ - ရွာသားများရဲ့ လူနေမှုဘဝမှာ STC မှ ဖောက်လုပ်ထားတဲ့ လမ်းများကို အမှီပြုနေပါတယ်။ ဒါကြောင့် STC အနေဖြင့်နောင်မှာလည်း အဆိုပါလမ်းများကို ယခင်ကဲ့သို့ပင် ဆက်လက်အသုံးပြုခွင့်ပေးသွားရန် တောင်းဆိုအပ်ပါတယ်။

၅။ ပညာရေး - ကျောင်းဆောင်သစ်ဆောက်လုပ်ပေးခြင်းနဲ့ ကျောင်းအတွက်သိန်း (၅၀) ကျပ် လှူဒါန်းပေးခြင်းတို့အတွက် ကျေးဇူးတင်ရှိပါတယ်။

၆။ အလုပ်အကိုင်အခွင့်အလမ်း - ကျွန်တော်တို့ရွာသားတွေရဲ့ ပညာရေးအနေအထားကြောင့် စက်ရုံမှာ အလုပ်ရရှိမှုနည်းတာကို နားလည်ပါတယ်။ ဒါကြောင့် ရွာသားများအနေနဲ့ လက်ရှိပညာရေး အဆင့်အတန်းကို မြှင့်တင်ဖို့ ကြိုးစားလျက်ရှိပါသည်။ ဒ့ါပြင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး ငွေကြေးအခက်အခဲရှိသူများအနေနဲ့ ပညာဆက်လက်သင်ယူနိုင်ရန်အတွက် STC ရဲ့ အကူအညီလိုအပ်မှာ ဖြစ်ပါတယ်။

**အဖြေ (၃) - ဦးကျော်နိုင်စိုး**

၁။ အကြံပြုချက်များနဲ့ STC ရဲ့ ဆောင်ရွက်ချက်တွေနဲ့စပ်လျဉ်းပြီး ရပ်ရွာက ကူညီပေးမှုများအတွက် ကျေးဇူးတင်ပါတယ်။ STC အနေနဲ့ ပညာရေးအတွက် ငွေကြေးထောက်ပံ့ပေးမှုများကို ဆက်လက်လုပ်ဆောင်သွားဖို့ကို ကတိပြုပါတယ်။

၂။ မြစ်သာချောင်းမှ ရေဖြန့်ဝေခြင်းကိစ္စများနဲ့ စပ်လျဉ်းပြီး ဆန်းစစ်လေ့လာမှုပြုလုပ်ပြီးနောက် ပြည်ညောင်ကျေးရွာသို့ ရေဖြန့်ဝေပေးမှာ ဖြစ်ပါတယ်။

**မေးခွန်း (၄) - ရထားပြည်ညောင်ရွာခေါင်းဆောင်**

၁။ STC အနေနဲ့ လျှပ်စစ်ဓါတ်အားအပါအဝင် ကျောင်းသားများအတွက်စာရေးကိရိယာများ ထောက်ပံ့ပေးပြီးဖြစ်ပါတယ်။ ဒ့ါပြင် ပညာရေးရန်ပုံငွေထောက်ပံ့ခြင်း၊ ရထားပြည်ညောင်မူလတန်းကျောင်းနဲ့ ပျက်စီးနေတဲ့ကျောင်းအဝင်လမ်းအား ပြန်လည်ပြုပြင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးဖို့ တောင်းဆိုအပ်ပါတယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှ အောင်သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးရန်အတွက်လည်း တောင်းဆိုပါတယ်။

**အဖြေ (၄) - ဦးကျော်နိုင်စိုး**

၁။ ပညာရေးနဲ့ လျှပ်စစ်ဓါတ်အားရရှိရေး အထောက်အပံ့ဖြစ်စေရန် သိန်း (၅၀) ကျပ် ကို ရန်ပုံငွေအနေနဲ့ ထည့်ဝင်ပါမယ်။ မူလတန်းကျောင်းပြန်လည်ပြုပြင်ခြင်းအတွက်ကိုလည်း ဆွေးနွေးတိုင်ပင်မှုလုပ်ပါမယ်။ STC မှ ရရှိနိုင်မယ့် အလုပ်

အကိုင်အခွင့်အလမ်းများအတွက်ကိုလည်း STC လူ့စွမ်းအားအရင်းအမြစ်ဌာနမှတဆင့် ရွာသားများကိုအသိပေးသွားမှာဖြစ်ပါတယ်။

**မေးခွန်း (၅) - ရထားပြည်ညောင်**

၁။ ရထားပြည်ညောင်ရှိအိမ်ခြေအရေအတွက်မှာ ယခင် (၅၀) မှ ယခု (၁၂၀) အထိ တိုးပွားလာပြီဖြစ်ပါတယ်။ ရွာသားများအတွက် STC မှ ပညာရေးထောက်ပံ့ကြေးပေးအပ်ရန် တောင်းဆိုအပ်ပါတယ်။ မူလတန်းကျောင်းပြီးလျှင် ကျောင်းသားများမှာ ပြည်ညောင်တွင် သွားရောက်ပညာသင်ကြားရမည်ဖြစ်သောကြောင့် STC အနေဖြင့် လမ်းစရိတ်ထောက်ပံ့ပေးရန် တောင်းဆိုအပ်ပါတယ်။

**အဖြေ (၅) - ဦးကျော်နိုင်စိုး**

၁။ လျှပ်စစ်ဓါတ်အားရရှိအောင်ဆောင်ရွက်ခြင်းအတွက် ကျပ် သိန်း (၅၀) ထည့်ဝင်ထောက်ပံ့ပေးမှာဖြစ်ပြီး ကျောင်းပြန်လည်ပြုပြင်ခြင်းအတွက် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**မေးခွန်း (၆) - ပြည်ညောင်**

၁။ ကျွန်တော်တို့ကျေးရွာအားလာရောက်လေ့လာရန် STC အား ဖိတ်ခေါ်ပါတယ်။

**အဖြေ (၆) - ဦးကျော်နိုင်စိုး**

၂။ ဟုတ်ကဲ့။ ကျွန်တော်တို့လာရောက်လေ့လာပါမည်။

**မေးခွန်း (၇) - ဦးကျော်နိုင်စိုး**

၁။စက်ရုံအနီးကျေးရွာများမှာ မြန်မာစကားကို နားမလည်သူရှိပါသလား။

**အဖြေ (၇) - ကျေးရွာခေါင်းဆောင်များ**

၁။ မရှိပါ။

**မေးခွန်း (၈) - NLD အဖွဲ့ဝင်**

၁။ STC အနေနဲ့ ထုံးကျောက်တောင်ဧရိယာရှိ ဇီဝမျိုးစုံ မျိုးကွဲ ထိခိုက်မှုလျော့ချရန် မည်သို့ဆောင်ရွက်မှာပါလဲ။ အကယ်၍ ဇီဝမျိုးစုံ မျိုးကွဲအတွက် ဆောင်ရွက်ရမည့်အစီအမံများချမှတ်ပြီးပါက နောင်တွင် အသိပေးအကြောင်းကြားစေလိုပါသည်။

၂။ ကျေးရွာကိုယ်စားလှယ် ကော်မတီ တည်ထောင်ဖို့အကြံပြုလိုပါသည်။

**အဖြေ (၈) - Mr. Jovy Tam, ERM**

**၁။** ERM အနေနဲ့ STC ကို ကူညီပြီး ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ ဆောင်ရွက်ရမည့် အစီအမံများချမှတ်ပေးမှာဖြစ်ပါတယ်။ စီမံကိန်းကြောင့် ထိခိုက်မှုရှိနိုင်သည့်အရေးကြီးသည့်ကျက်စားရာနေရာများကို ပြန်လည်ညီညွတ်မျှတမှုရှိစေရန် နည်းလမ်းပေါင်းစုံဖြင့် စဉ်းစားရေးဆွဲသွားမှာဖြစ်ပါတယ်။ ၎င်းအစီအမံများကို သက်ဆိုင်ရာအစိုးရဌာနများဖြစ်တဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ NGO အဖွဲ့များဖြစ်တဲ့ FFI ၊ WCS တို့နဲ့ ဆွေးနွေးတိုင်ပင်ရေးဆွဲ သွားမှာ

ဖြစ်ပါတယ်။ အဆိုပါ အစီအမံများကို မည်သို့ဆောင်ရွက်မည်ဆိုသည်ကို စက်တင်ဘာ ၂၀၁၇ တွင် အပြီးသတ်ရေးဆွဲမှာဖြစ်ပါသည်။

**ဦးကျော်နိုင်စိုး**

၂။ STC အနေနဲ့ ပန်းလောင် - ပြဒါးလင်းဂူတောအုပ်တွင် ဇီဝမျိုးစုံ မျိုးကွဲ ပြန်လည်ညီညွတ်မျှတရေး ဆောင်ရွက်ရန်သက်ဆိုင်ရာဌာနများနဲ့ဆွေးနွေးပြီးဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်များအပါအဝင် အခြားသောသတင်းအချက်အလက်များကိုလည်း ရွာသားများသိရှိစေရန် သတင်းအချက်အလက်ဌာနတွင် ထားရှိထုတ်ပြန်ကြေငြာသွားမှာဖြစ်ပါတယ်။

**မေးခွန်း (၉) - ပြည်ညောင်ရွာသား**

၁။ ပြည်ညောင်ဧရိယာရှိလမ်းဖောက်လုပ်မှုများ ဆက်လက်လုပ်ဆောင်သွားပါမှာပါလား (သို့) မလုပ်ဆောင်တော့ဘူးလား ။ အချို့လမ်းများမှာ (၁၀) ပေခန့်သာ ကျယ်ပြီး မီးသတ်ကား ဝင်ရောက်နိုင်ရန်အတွက် လမ်းချဲ့ပေးရန်လိုအပ်ပါသည်။ လမ်းဖောက်လုပ်မှုများပြီးစီးပါက GAD ရုံးနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့အနေဖြင့် အိမ်ခြေတိုင်းသို့ လမ်းချဲ့ထွင်ပေးရန်လိုအပ်ပါတယ်။

**အဖြေ (၉) - ဦးကျော်နိုင်စိုး**

၁။ လမ်းဖောက်လုပ်မှုများအားကူညီဆောင်ရွက်သွားပါမယ်။

**Photo:**







